အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ၊စစ်ရုံးချုပ်

# စစ်ရေးသတင်း ထုတ်ပြန်ချက်

## ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) က ရန်သူ့တပ်၏ ကပစ(၂၂) ကို သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အားလိုင်းကို တိုက်ခိုက်ခဲ့

**၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၈) ရက်နေ့**

၂၀၂၃ခုနှစ်၊ ဧပြီလ (၅) ရက်နေ့ ည(၁၀)နာရီတွင် မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်ရှိ အမှတ်(၂၂) ကာကွယ်ရေးပစ္စည်းစက်ရုံသို့ သွယ်တန်းထားသည့် ဓာတ်အားလိုင်းများကို (၂)နေရာခွဲ၍ ဖြိုချ တိုက်ခိုက်ခဲ့သည်။ထို့နောက် ဧပြီလ (၈)ရက်နေ့ ည(၁၀)နာရီတွင် ထပ်မံ တိုက်ခိုက်ရာ အပြီးသတ် အောင်မြင်စွာ ဖြိုချနိုင်ခဲ့သည်။

ဧပြီလ (၁၀)ရက်နေ့ ညနေ(၅:၃၀)နာရီတွင် ဆိပ်ဖြူမြို့နယ်၊ တမကောက်ကျေးရွာအနီးရှိ ဓာတ်အားပေး လိုင်းကို ပြုပြင်ရန်လာသည့် ရန်သူ့တပ်သား(၁၅)ဦးကို လက်နက်ကြီးနှင့်Drone ပေါင်းစပ်အသုံးပြုကာ တိုက်ခိုက်နိုင်ခဲ့ပြီး ရန်သူ့တပ်သား (၂)ဦး သေဆုံးကာ (၃) ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပါသည်။

တိုက်ခိုက်မှုများကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF)ပခုက္ကူခရိုင်အမှတ်(၄)တပ်ရင်း၊အမှတ်(၁၁) တပ်ရင်း၊ အမှတ်(၁၉) တပ်ရင်း၏ ဆိပ်ဖြူဘာမထီတပ်ခွဲ (၁/၂)၊ တပ်ခွဲ(၃) ဆိတ်ဖြူ ဗိုလ်မထားတပ်ဖွဲ့၊ ဂန့်ဂေါခရိုင် အမှတ်(၅) တပ်ရင်း၊ ဆိပ်ဖြူမြောက်ပိုင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (NSP) ပကဖတို့ ညီညွတ်စွာဖြင့် ပူးပေါင်း တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)၊ စစ်ရုံးချုပ်**
**ကာကွယ်ရေးဝန်ကြီးဌာန**
**အမျိုးသားညီညွတ်ရေးအစိုးရ**